နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝိသုဒ္ဓိမဂ်ကျမ်းနှင့် အရှင်ဗုဒ္ဓဃောသအကြောင်း ရှေးဦးလေ့လာချက်

(၂၀၁၉ -ခုနှစ်၊ ဩဂုတ်လ ၄-ရက်နေ့)

(က) ဤဝိသုဒ္ဓိမဂ်ကျမ်းကို အဘယ်ပုဂ္ဂိုလ် ရေးသားခဲ့သနည်း?
(ခ) အဘယ်ကာလက ရေးသားခဲ့သနည်း?
(ဂ) အဘယ်နိုင်ငံ အရပ်ဒေသ၌ ရေးသားခဲ့သနည်း?
(ဃ) အဘယ်အကြောင်းကြောင့် ရေးသားခဲ့သနည်း?
(င) အဘယ်အကျိုးငှာ ရေးသားခဲ့သနည်း?
(စ) အဘယ်ကျမ်းကို အမှီပြု၍ ရေးသားခဲ့သနည်း?
(ဆ) အဘယ်သို့သော အပြားအားဖြင့် ရေးသားခဲ့သနည်း?
(ဇ) ထိုဝိသုဒ္ဓိမဂ်ကျမ်းသည် အဘယ်ကြောင့် တစ်ကမ္ဘာလုံး၌ ပျံ့နှံ့ခဲ့ရပါသနည်း?

(က) ဤဝိသုဒ္ဓိမဂ်ကျမ်းကို အဘယ်ပုဂ္ဂိုလ် ရေးသားခဲ့သနည်း?

အရှင်မဟာဗုဒ္ဓဃောသမထေရ် ရေးသားစီရင်ခဲ့ပါသည်။

(ခ) အဘယ်ကာလက ရေးသားခဲ့သနည်း?

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဆယ်ရာစုအတွင်း(သာသနာနှစ် ၉၇၃)က ရေးသားခဲ့ပါသည်။

(ဂ) အဘယ်နိုင်ငံ အရပ်ဒေသ၌ ရေးသားခဲ့သနည်း?

သီရိလင်္ကာနိုင်ငံ၊ အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်၌ ရေးသားခဲ့ပါသည်။

(ဃ) အဘယ်အကြောင်းကြောင့် ရေးသားခဲ့သနည်း?

နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်းတို့အတွက် ထိုနိဗ္ဗာန်ကိုရကြောင်း အကျင့်လမ်းမှန်ကို သိစေလိုခြင်းဟူသော မိမိ၏အလိုဆန္ဒက တိုက်တွန်းနှိုးဆော်သောကြောင့်၎င်း၊ အရှင်သံဃပါလမထေရ်က တောင်းပန်တိုက်တွန်းသောကြောင့်၎င်း ရေးသားခဲ့ပါသည်။

သာသနာဆင်းသက်လာပုံ အကျဉ်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ် ၁-ရာအတွင်း ဝါဒကွဲပြားခြင်း မရှိ။ အနှစ် ၁-ရာပြည့်သော အခါ ဝဇ္ဇီတိုင်းသား ရဟန်းများအကြောင်းပြု၍ ဒုတိယသင်္ဂါယနာ တင်၏။ နှင်ထုတ်ခံရသော ဝဇ္ဇီတိုင်းသား ရဟန်းများလည်း အင်အားကောင်းကုန်၍ မဟာသင်္ဂီတိအမည်ဖြင့် သီးခြား သင်္ဂါယနာ တင်ကုန်

၏။ ထိုအခါ သင်္ဂါယနာ ၂-တန်တင်ထားသော မူရင်းဝါဒကို လက်ခံသော သံဃာများကို ထေရဝါဒဂိုဏ်းဟူ၍၄င်း၊ ထိုမှတပါးသော သံဃာများကို မဟာသံဃိကဂိုဏ်း ဟူ၍၄င်း ခေါ်လာကြ၏။

နောက်ပိုင်းတွင် မူရင်း ထေရဝါဒဂိုဏ်းမှလည်း ၁၁-ဂိုဏ်း ထပ်ကွဲသဖြင့် မူရင်းနှင့်တကွ ၁၂-ဂိုဏ်းဖြစ်လာ၏။ မဟာသံဃိကဂိုဏ်းမှ ၆-ဂိုဏ်းကွဲသွား၏။ ထို့ကြောင့် စုစုပေါင်း ဂိုဏ်းကြီး ၁၈-ဂိုဏ်း ဖြစ်သွား၏။ ၄င်းတို့မှာ သာသနာနှစ် ၁-ရာမြောက် ဒုတိယသံဂါယနာနှင့် သာသနာနှစ် ၂၃၅-နှစ်မြောက် တတိယသံဂါယနာတို့အကြား ကာလ၌ ဖြစ်ပေါ်လာသော ဂိုဏ်းများဖြစ်သည်။ ထို ၁၈-ဂိုဏ်းတို့တွင် မူရင်းထေရဝါဒဂိုဏ်းသည် ရှေးဟောင်းပိဋကများကို ထိန်းကုန်၏။ ကျန် ၁၇-ဂိုဏ်းမှာ ပြောင်းလဲပြုပြင်ကြကုန်၏။

သီရိဓမ္မာသောကမင်းကြီး လက်ထက်ရောက်သောအခါ သာသနာပ တိတ္ထိတို့သည် လာဘ်လာဘ ဆုတ်ယုတ်သဖြင့် လာဘ်လာဘရရန် မိမိကိုယ်တိုင် သင်္ကန်းဝတ်ကာ သာသနာတွင်းသို့ ဝင်လာကြကုန်၏။ ထိုအခါ ရဟန်းစစ်များက ထိုရဟန်းတုများဖြင့် ဥပုသ် ပဝါရဏာ မပြုပဲ ရှောင်နေကြသဖြင့် အသောကာရုံကျောင်းတိုက်၌ ၇-နှစ်ပတ်လုံး ဥပုသ်ပြုမှု ရပ်စဲနေ၏။ ထိုအခါ သီရိဓမ္မာသောကမင်းကြီးသည် တိတ္ထိများကိုသုတ်သင်လို၍ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်ထံ ချဉ်းကပ်သင်ယူပြီး သာသနာတော်ကို သန့်ရှင်းစေခဲ့၏။ ရဟန်းတုများကို ပိတ်ဖြူဝတ်ကာ လူဝတ်လဲပေးလိုက်၏။ ထို့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အမှူးပြုသော ရဟန္တာ ၁-ထောင်တို့ တတိယ သံဂါယနာတင်ခဲ့ကြ၏။

ထို့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ သာသနာပြုအဖွဲ့ ကိုးဖွဲ့ စေလွှတ်၏။ ထိုကိုးဖွဲ့တွင် **ရှင်မဟာမဟိန္ဒမထေရ်** ဦးဆောင်သောအဖွဲ့သည် သီဟိုဠ်ကျွန်းသို့ ကြွသွားပြီး **ဒေဝါနံပိယတိဿမင်း** အမှူးရှိသော ကျွန်းသားအပေါင်းတို့ကို သာသနာတော်၌ ကြည်ညိုစေပြီး သာသနာတော်ကို ကောင်းစွာတည်စေ၏။ ထိုမင်းကလှူသော **မဟာမေဃဝန်ဥယျာဉ်**ထဲ၌ တည်ဆောက်ထားသည် **မဟာဝိဟာရကျောင်းတိုက်ကြီး**ကိုလည်း အလှူခံတော်မူ၏။ ထိုကာလမှ စ၍ သီဟိုဠ်ကျွန်း၌ သာသနာတော်သည် ဝဋ္ဋဂါမဏိမင်း လက်ထက်တိုင်အောင် ဂိုဏ်းတစ်ပါးတို့နှင့် ရောယှက်ခြင်း မရှိဘဲ စင်ကြယ်စွာ ထွန်းပခဲ့၏။

အဘယဂိရိကျောင်း ဖြစ်ပေါ်လာခြင်း

သာသနာနှစ် ၄၄၀-တွင် ဝဋ္ဋဂါမဏိမင်းသည် မင်းအဖြစ်သို့ရောက်ပြီး ၅-လမျှကြာသောအခါ ဒမိဠ(တမီးလ်)သူပုန်ထသဖြင့် စစ်ရှုံးပြီး ထွက်ပြေးကာ **၁၄-နှစ်ကျော်ကြာအောင်** ပုန်းအောင်းနေရ၏။ စစ်ဘေး စစ်ဒဏ်ကြောင့် အစာရေစာ ခေါင်းပါး၍ အချို့ရဟန်းတော်များ အိန္ဒိယဘက်သို့ ကူးသွားပြီး၊ အချို့ရဟန်းတော်များ သစ်ဥသစ်ဖုစားရင်း ကျန်ရစ်၏။ သီဟိုဠ်ကျွန်း၌ ကျန်ရစ်သောရဟန်းတို့သည် ကိုယ်ကာယ အားနည်းသဖြင့်သဖြင့် ဝမ်းအောက်၌ သဲပုံထားကာ ဦးခေါင်းခြင်းတိုက်ဆိုင်ကာ စာကျက်ကြရ၏။ ပရိယတ္တိကို ဆင်ခြင်ကြရ၏။ ဤနည်းဖြင့် **၁၂-နှစ်ကြာအောင်** ပိဋကသုံးပုံကို အဋ္ဌကထာနှင့်တကွ နှုတ်ငုံဆောင်ကြရ၏။

ထို့နောင် သူပုန်များကို စစ်နိုင်၍ ပြန်လည် အုပ်ချုပ်သောအခါ (သာသနာနှစ် ၄၅၅-၄၆၆)၌ အိန္ဒိယမှ ပြန်လာသော ရဟန်းများနှင့် သီဟိုဠ်တွင်ကျန်ရစ်သော ရဟန်းများ ပိဋကသုံးပုံကို တိုက်ဆိုင်ကြည့်သောအခါ လုံး၀ ကွဲလွဲမှုမရှိကြောင်း တွေ့ရ၏။ သို့ရာတွင် မဟာနိဒ္ဒေသကျမ်းကား ထိုစဉ်က ဒုဿီလ ရဟန်းတစ်ပါးသာ ဆောင်ထား၏။ ထိုကျမ်းကိုလည်း မဟာတိပိဋကမထေရ်က မဟာရက္ခိတမထေရ်ကို ထိုဒုဿီလရဟန်းထံမှ သင်ယူစေပြီး ပြန်လည်ထိန်းသိမ်းခဲ့၏။

ဝဋ္ဋဂါမဏိမင်းသည် စစ်ဘေးပုန်းရှောင်စဉ်က **မဟာတိဿမထေရ်**ထံတွင် ခိုလှုံကာ နေခဲ့ရ၏။ ထိုမထေရ်က မင်းကြီးကို ကျွေးမွေးစောင့်ရှောက်ထားခဲ့၏။ ထို ကျေးဇူးကြောင့် ဤမထေရ်အား **အဘယ-ဂိရိကျောင်းတိုက်**ကို ဆောက်လုပ်လှူဒါန်း၏။ ထိုရဟန်းမှာ လူတို့နှင့် ရောနှောနေထိုင်မှုကြောင့် မဟာ-ဝိဟာရကျောင်း ရဟန်းတော်များက ပဗ္ဗာဇနီယကံပြုကာ နှင်ထုတ်ထား သူဖြစ်၏။ ထိုနှင်ထုတ်စဉ်က သူ့တပည့် ဗဟလမဿုတိဿ ရဟန်းက ကန့်ကွက်သဖြင့် သူ့ကိုပါ နှင်ထုတ်သဖြင့် အဘယဂိရိကျောင်းသို့ သွားနေလေ၏။ ထိုအခါမှ စ၍ သီဟိုဠ်ကျွန်း၌ **မဟာဝိဟာရဝါသီဂိုဏ်း, အဘယဂိရိဝါသီဂိုဏ်း ဟူ၍ နှစ်ဂိုဏ်းကွဲသွား၏။** ဤသည်မှာ သီဟိုဠ်ကျွန်း၌ သာသနာဆုတ်ယုတ်လာရန် ပထမ အကြောင်း ဖြစ်လေ၏။

ဓမ္မရုစိဂိုဏ်းဖြစ်ပေါ်လာခြင်း

ထိုစဉ်က ဝဋ္ဋဂါမဏိမင်းသည် အဘယဂိရိဝါသီ ရဟန်းများကိုသာ အထူးသဖြင့် ကြည်ညိုပြီး ပစ္စည်းလေးပါး ထောက်ပံ့၏။ တိုင်းသူပြည်သားများကလည်း ထိုကျောင်းတိုက်သာ လှူဒါန်းကြ၏။ ထိုကြောင့် အဘယဂိရိဝါသီ ရဟန်းများမှာ ပို၍ ထင်ပေါ်ကျော်ကြားမှုကို ရကြ၏။ ထို့ပြင် ဗဟလမဿုတိဿမထေရ် အစရှိသော အဘယဂိရိဝါသီ ရဟန်းတို့သည် **အိန္ဒိယမှ ယူဆောင်လာသော ဝဇ္ဇိပုတ္တကဂိုဏ်း၌ အတွင်းဝင်သည့် ဓမ္မရုစိဂိုဏ်း၏ ဓမ္မပိနယများဖြစ်သော သက္ကတဘာသာဖြင့် တင်ထားသည့် ပိဋကအသစ်အဆန်းများကိုလည်း** လက်ခံပြီး သင်ယူပို့ချကုန်၏။ ထို့ကြောင့် **အဘယဂိရိဝါသီတို့သည်လည်း ဓမ္မရုစိဂိုဏ်းသား ဖြစ်ကုန်၏။** ဤသည်ကား သီဟိုဠ်ကျွန်း၌ သာသနာဆုတ်ယုတ်ရန် ဒုတိယ အကြောင်း ဖြစ်ပေသည်။

ပိဋကသုံးပုံ ပေထက်အက္ခရာတင်ခြင်း

မဟာဝိဟာရဝါသီ ရဟန်းတော်များသည် ပါဠိဘာသာဖြင့် တည်ရှိသော ရှေးဟောင်း ပိဋကကိုသာလျှင် သင်ယူပို့ချ၏။ ၎င်းတို့ကိုလည်း နှုတ်ငုံဆောင်ထား၏။ သို့သော် နောင်ကာလ သတိပညာ နည်းပါးလာမည်ကို မြော်တွေး၍ ပေထက်အက္ခရာတင်ရန် အားထုတ်လာကြ၏။ ထို့ကြောင့် မဟာဝိဟာရဝါသီ ရဟန်းတို့သည် အနုရာဓမြို့မှ ၆၈-မိုင် ဝေးကွာသော **မလယဇနပုဒ် မာတုလမြို့အနီး အာလောကလိုဏ်၌** သီတင်းသုံးလျက် ထိုနယ်ပယ်၌ အကြီးအကဲဖြစ်သူ၏ အစောင့်အရှောက်ကို ခံယူကာ ပေထက်အက္ခရာ တင်ခြင်းကိစ္စကို ဆောင်ရွက်တော် မူကြလေကုန်၏။

ထိုအကြောင်းကို ထောက်ဆ၍ မဟာဝိဟာရဝါသီရဟန်းများသည် **ထိုစဉ်က ဝဋ္ဋဂါမဏိမင်းကြီး၏ အကူအညီ မပါဘဲ မိမိတို့ စွမ်းအားဖြင့် ပေထက်အက္ခရာ တင်ခဲ့ကြသည်ဟူ၍၎င်း၊** ထိုသို့ တင်ခြင်းမှာလည်း နောင်လာနောက်သားတို့ သတိပညာအား ဆုတ်ယုတ်လာကြည်မည်ကို မြော်တွေး၍ စစ်ဘေးစစ်ဒဏ်များ ကြုံခဲ့လျှင် နှုတ်ငုံဆောင်ထားရန် ခဲယဉ်းသည်ကို မြင်သောကြောင့်၎င်း၊

အဘယဂိရိဝါသီဂိုဏ်းက ပို့ချနေသော အယူဝါဒများနှင့်လည်း မရောယှက်စေရန် ရည်ရွယ်၍၎င်း ပေထက်အက္ခရာ တင်ခဲ့ကြပေသည်။

အမွေဝါဒများ ဖြစ်ပေါ်လာခြင်း

သီရိမေဃဝဏ္ဏမင်းကြီးလက်ထက်၌ လူဝတ်လဲ၍ နှင်ထုတ်လိုက်သော တိတ္ထိတို့သည် ဒေါသထွက်ကြ၏။ သာသနာတော်ကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် "သူတို့အယူကိုသိမှ ဖျက်ဆီးနိုင်မယ်" ဆိုပြီး ထေရဝါဒမှတပါး အခြားသော မဟာသံဃိကဂိုဏ်း စသည်တို့သို့ ချဉ်းကပ်ပြီး ရဟန်းပြုကာ ပိဋကများကို သင်ယူကြ၏။ နောင်တွင် ထိုပိဋကများကို ပျက်စီးစေရန် ဖေါက်လွဲဖေါက်ပြန် ပြုလုပ်ကာ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချလာကြ၏။

သာသနာတော် ၂၅၃-ခုနှစ်တွင် ၎င်းတို့သည် ခြောက်ဌာနတို့၌ နေကြကုန်လျက် (၁) ဟေမဝတိကဂိုဏ်း (၂) ရာဇဂိရိကဂိုဏ်း (၃) သိဒ္ဓတ္ထိကဂိုဏ်း (၄) ပုဗ္ဗသေလိယဂိုဏ်း၊ (၅) အပရသေလိယဂိုဏ်း (၆) ဝါဇိရိယဂိုဏ်း (၇) ဝေတုလ္လဂိုဏ်း (၈) အန္ဓကဂိုဏ်း (၉) အညမဟာသံဃိကဂိုဏ်း ဟူ၍ ဂိုဏ်းသစ် ၉- ဂိုဏ်း ထောင်ကုန်၏။ **၎င်းတို့သည် မိမိတို့ကိုယ်ပိုင် ပိဋကများရေးကာ တရားတု တရားယောင်များကို ဘုရားဟောအဖြစ် ဖေါ်ပြကြကုန်၏။** ထိုပိဋကအတုများသည်၎င်း၊ အခြား မဟာယာနပိဋကများသည်၎င်း သီဟိုဠ်ကျွန်းသို့ ရောက်လာကြသည်ဟု ဆို၏။ ထိုထဲတွင် ဓမ္မရုစိဂိုဏ်း၏ ပိဋကသည်လည်း တစ်ခုအပါအဝင် ဖြစ်၏။

ဝေတုလ္လဝါဒကို နှိမ်နင်းခြင်း

သာသနာနှစ် ၇၅၈-၇၈၀ တို့တွင် အဘယဂိရိကျောင်းနေ ဓမ္မရုစိဂိုဏ်းသားတို့သည် ရဟန်းအသွင်ဆောင် ဝေတုလ္လဝါဒီ ပုဏ္ဏားတို့စီရင်သော ဝေတုလ္လပိဋကကို ဘုရားဟောဟု ပြကုန်၏။ မဟာဝိဟာရဝါသီ ရဟန်းတို့က ဓမ္မဝိနယနှင့် နှီးနှောပြီး ပယ်ချကုန်၏။ **ဝေဟာရတိဿမင်းကြီး**က ပိဋကကျွမ်းကျင်သော **ကပိလအမတ်ကြီး**ကို စေလွှတ်၍ ဆုံးဖြတ်စေပြီး ဝေတုလ္လပိဋကများကို မီးရှို့ဖျက်ဆီးစေ၏။

ဂေါဌာဘယမင်း လက်ထက်တွင်လည်း ဝေတုလ္လအယူရှိသော ရဟန်း ၆၀-ကို သီဟိုဠ်မှ နှင်ထုတ်လိုက်ပြီး ဝေတုလ္လပိဋကများကို ဒုတိယအကြိမ် မီးရှို့ဖျက်ဆီးလိုက်ပြန်၏။

သာသနာနှစ် ၈၃၉-နှင့် ၈၄၅-တို့အတွင်း **မဟာသေနမင်း**လက်ထက်၌ **သံဃမိတ္တ**သည် သီဟိုဠ်ကျွန်းသို့ တဖန်ပြန်လာ၍ အဘယဂိရိကျောင်း၌နေလျက် မဟာဝိဟာရဝါသီရဟန်းများအား ဝေတုလ္လပိဋကကို လက်ခံရန် အမျိုးမျိုး နားချ၏။ မဟာဝိဟာရဝါသီ ရဟန်းများက လက်မခံသဖြင့် မဟာသေနမင်းသို့ ရင်းနှီးအောင် ချဉ်းကပ်ပြီး မဟာဝိဟာရကျောင်း ရဟန်းများကို ဆွမ်းလောင်းလျှင် ဒဏ်ငွေ ၁-ရာတပ်မည်ဟု အမိန့်ထုတ်ခိုင်းစေ၏။ ထို့ကြောင့် မဟာဝိဟာရဝါသီ ရဟန်းများသည် ကျောင်းတိုက်ကို စွန့်ကာ တောင်ပိုင်းရှိ ရောဟနဇနပုဒ်သို့၎င်း၊ အလယ်ပိုင်းရှိ မလယဇနပုဒ်သို့၎င်း ထွက်ခွါသွားကြ၏။

[ဝေတုလ္လအယူဝါဒ အကြောင်းအနည်းငယ်

၁။ ပရမတ္ထအားဖြင့် မဂ်ဖိုလ်သည်သာလျှင် သံဃာမည်၏။ မဂ်ဖိုလ်မှတပါး သံဃာမည်သည် မရှိ။ မဂ်ဖိုလ်တို့သည်လည်း တစုံတခုကိုမျှ မခံယူတတ်ကုန်။ ထို့ကြောင့် သံဃာသည် မြတ်သောအလှူ ကို ခံယူသည်ဟု မဆိုအပ်။

၂။ မဂ်ဖိုလ်တို့သည်သာလျှင် သံဃာမည်၏။ ၎င်းတို့သည်လည်း တစုံတခုကိုမျှ မစားတတ် မသောက်တတ်ကုန်။ ထို့ကြောင့် သံဃာက စားသည် သောက်သည် ခဲသည်ဟု မဆိုအပ်။

၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တစုံတခုကိုမျှ မဘုဉ်းပေး မသုံးဆောင်။ သို့သော်လည်း လောကကို အစဉ်လိုက်၍ မိမိကိုယ်ကို ပြတော်မူ၏။ သို့ဖြစ်၍ ဘုရားအားလှူခြင်းသည် အကျိုးမရှိသောကြောင့် ထိုဘုရား၌လှူခြင်းသည် အကျိုးကြီး၏ဟု မဆိုအပ်။

၄။ တူညီသောအလိုရှိလျှင် မေထုန်မှီဝဲကောင်း၏။ ဆိုလိုသည်မှာ... သနားငဲ့ညှာခြင်းဟူသော တစ်ခုသော အလိုရှိလျှင်၊ သို့မဟုတ် သံသရာ၌ အတူတကွ ကျင်လည်ကုန်အံ့ဟု မာတုဂါမနှင့်အတူ ဘုရားအား ပူဇော်ခြင်း စသည်ကို ပြုကာ ဆုပန်သဖြင့် တူသောအလိုရှိခဲ့လျှင်၊ ထိုနှစ်ဦးသော သူတို့သည် မှီဝဲကောင်း၏။ . . . . စသည်။]

မဟာဝိဟာရကျောင်းတိုက် ဖျက်ဆီးခြင်း

မဟာဝိဟာရဝါသီ ရဟန်းများ ထွက်သွားသောအခါ သံဃမိတ္တမည်သော ရဟန်းယုတ်သည် မင်းကို နားချလျက် ကျောင်း, ပရဝုဏ်, ပြသာဒ်များကို ဖျက်ဆီးစေပြီးလျှင် အမြစ်ပါနှုတ်၍ အဘယဂိရိကျောင်းသို့ ယူဆောင်သွား၏။ ကျောင်းမြေပြင်၌ ထွန်ယက်စေ၍ ပဲပြောင်းများ စိုက်ပျိုးစေ၏။ ဤသို့အားဖြင့် မဟာဝိဟာရကျောင်းတိုက်၌ အဆောက်အဦများကင်းလျက် ၉ -နှစ်ပတ်လုံး ရဟန်းတို့မှ ဆိတ်သုဉ်းကုန်၏။

နောင်သောအခါ၌ မဟာသေနမင်းသည် **မေဃဝဏ္ဏာဘယမည်သော** ကလျာဏမိတ္တဖြစ်သော အမတ်ကြီး၏ ငြိမ်းခြောက်ခြင်း ရှေ့သွားရှိသော ဖျောင်းဖျပြောဆိုချက်ဖြင့် ကျောင်းကို ပကတိအတိုင်း တဖန် ပြန်ဆောက်ကာ ရဟန်းများကို ပင့်ပြီး ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လေ၏။

ဇေတဝနဝါသီဂိုဏ်း ဖြစ်ပေါ်လာခြင်း

မဟာသေနမင်းသည် ဒက္ခိဏာရာမကျောင်း၌ နေသော စိတ်ကောက်ကျစ်ပြီး လူများ အထင်ကြီးအောင် ပြုလုပ်တတ်သည် **ကုဟကတိဿမည်သော မထေရ်ကို** ကြည်ညိုပြန်၍ ထိုမထေရ်အတွက် မဟာဝိဟာရကျောင်းတိုက်နယ်အတွင်း ဇေတဝန်မည်သော ကျောင်းဆောက်လုပ်ရန် အားထုတ်ပြန်၏။ မဟာဝိဟာရဝါသီ ရဟန်းများသည် မင်းကို မတားမြစ်နိုင်သဖြင့် တဖန် ကျောင်းတိုက်မှ ထွက်သွားကြပြန်၏။ ထိုအခါ မဟာဝိဟာရကျောင်းသည် ၉-လ ပတ်လုံး ရဟန်းတော်များမှ ဆိတ်သုဉ်းကုန်၏။

ဇေတဝန်ကျောင်း၌ ဒက္ခိဏဂိရိကျောင်းတိုက်မှ **သာဂလိယဂိုဏ်းသား** ရဟန်းတို့ လာ၍ နေကုန်၏။ နောင်ကာလ သာသနာနှစ် **၁၀၆၇-နှင့် ၁၀၈၀-တို့အတွင်း အမ္ဗသာမဏေရ သိလာကာလမင်း၏ လက်ထက်၌ ထိုဇေတဝနဝါသီ ရဟန်းတို့သည် ဝေတုလ္လဝါဒီဂိုဏ်းသား** ဖြစ်လေကုန်၏။

ဤသို့ ပြဆိုခဲ့ပြီးသည့်အတိုင်း အရှင်မဟာဗုဒ္ဓဃောသမထေရ် သီဟိုဠ်ကျွန်းသို့ ရောက်သောကာလ (သာသနာတော်နှစ်-၉၆၅)မှ ရှေးမဆွကပင် စင်ကြယ်သော ထေရဝါဒီဖြစ်ကုန်သော မဟာဝိဟာရဝါသီဂိုဏ်းနှင့် ဆန့်ကျင်ဘက်အယူရှိကုန်သော (၁) အဘယဂိရိဝါသီဂိုဏ်း (သာ-နှစ်-၄၅၅)၊ (၂) သာလလိယဂိုဏ်း (သာ-နှစ် ၇၉၇-၈၁၀)၊ (၃) ဇေတဝနဝါသီဂိုဏ်း (သာ-နှစ် ၈၂၉-၈၄၅) ဟူ၍ ဂိုဏ်းသုံးဂိုဏ်း ဖြစ်ပေါ်လျက် ရှိနှင့်ကုန်၏။

အရှင်ဗုဒ္ဓဃောသ၏ အတ္ထုပ္ပတ္တိ

အရှင်ဗုဒ္ဓဃောသ ဆရာတော် အလောင်းလျာသည် သာသနာတော် ဆယ်ရာစု (၉၀၁-၁၀၀၀) တွင် အိန္ဒိယတောင်ပိုင်း မောရဏ္ဍရွာ၌ ဗြာဟ္မဏပုဏ္ဏားမျိုးမှ ဖွားမြင်၏။ သူသည် ဗေဒင်သုံးပုံတို့၌၎င်း၊ ဝိဇ္ဇာ သိပ္ပပညာဆိုင်ရာ၌၎င်း၊ အယူဝါဒ၌၎င်း တဖက်ကမ်းခတ်အောင် ကောင်းစွာ တတ်မြောက်၏။

အိန္ဒိယတောင်ပိုင်း ထေရဝါဒကျောင်းတိုက် တစ်ခု၌ အရှင်ရေဝတမထေရ်နှင့် တွေ့ရှိပြီး၊ ၎င်းမထေရ်ထံ၌ ရဟန်းအဖြစ် ခံယူကာ ပိဋကသုံးပုံကို သင်ယူတော်မူသည်။ ထိုသို့ သင်ယူစဉ်ပင် "ဤ တရားသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော လမ်းဖြစ်သည်"ဟု သိမြင်လေ၏။ ဥပဇ္ဈာယ်ဆရာသည်လည်း သူ၏ ထူးခြားသော ဉာဏ်စွမ်းရည်နှင့် ပြည့်စုံသည်ကို သိမြင်၍ "ဘုရား သာသနာတော်၌ ဤရဟန်းငယ် ဂုဏ်သတင်းကျော်စောခြင်းသည် ဘုရား၏ ကျော်စောခြင်းကဲ့သို့ပင် ဖြစ်လိမ့်မည်"ဟု မျှော်မြင်ကာန်လျက် သူ့ကို "ဗုဒ္ဓဃောသ"ဟူသော ဘွဲ့အမည်ကို မှည့်ခေါ်ကြလေ၏။

အရှင်ဗုဒ္ဓဃောသသည် ဆရာ့ထံ၌ ပိဋကသုံးပုံကို သင်ယူပြီးလျှင် မဒရပ်မြို့အနီးဖြစ်သော မယူရရူပ သဘောဆိပ်၌၎င်း၊ ကဉ္စိပုရမြို့စသည်တို့၌၎င်း သီတင်းသုံးနေထိုင်လျက် အနွကာ အဋ္ဌကထာကို လေ့လာသင်ကြား၏။ ထိုမျှနဲ့ အားမရသေးသဖြင့် သီဟိုဠ်အဋ္ဌကထာများကိုလည်း လေ့လာလိုသောကြောင့်၎င်း၊ သီဟိုဠ်အဋ္ဌကထာတို့ကို ပါဠိဘာသာသို့ ပြန်တင်၍ အသစ်ရေးသား စီရင်လို၍၎င်း သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူလေ၏။

ထိုစဉ်ကာလက သီဟိုဠ်ကျွန်း၌ **မဟာနာမမည်သောမင်း** အုပ်ချုပ်လျက်ရှိပြီး ထိုမင်းသည် အဘယဂိရိဝါသီ ဂိုဏ်းသား ရဟန်းများကိုသာ အထူးသဖြင့် ချီးမြှောက်ထောက်ပံ့လျက် ရှိ၏။ အရှင်ဗုဒ္ဓဃောသ မထေရ်သည်ကား **သာသနာတော်နှစ် ၉၆၅-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့** ရောက် သည်။ ထိုအခါ မဟာဝိဟာရ ကျောင်းတိုက်သို့သာလျှင် သွား၍ မထေရ်တို့အထံ၌ အဋ္ဌကထာကို သင်ယူတော်မူ၏။

ဤသို့ ပြဆိုခဲ့သည့်အတိုင်း သီဟိုဠ်အဋ္ဌကထာတို့ကို သင်ယူခြင်းကိစ္စ ပြီးသောအခါ ထိုအရှင်၏ ထက်မြက်နက်နဲသည့် ဉာဏ်ပညာအထူးနှင့် ပြည့်စုံသည်ကို၎င်း၊ အလွန်ဖြောင့်မတ်သော သဒ္ဒါပညာ တို့နှင့် ပြည့်စုံသည်ကို၎င်း၊ မိမိအယူနှင့် ဂိုဏ်းတစ်ပါးအယူတည်းဟူသော တောရှုပ်ကို သက်ဝင်ခြင်း ငှာ စွမ်းနိုင်သောပညာနှင့် ပြည့်စုံသည်ကို၎င်း၊ များစွာသော ကျမ်းဂန်တို့၌ ဆည်းပူးလေ့လာထားပြီး၍ ဖွင့်ပြသောနည်းတို့၌လည်း ကျွမ်းကျင်သည်ကို၎င်း သိကြရ၍ အရှင်သံဃပါလ အစရှိသော မထေရ် တို့သည် ဝိသုဒ္ဓိမဂ် အစရှိသောကျမ်းကို ပြုစီရင်ရန် တောင်းပန်ကြကုန်၏။

တောင်းပန်ကြခြင်း၏အကြောင်း

ထိုမဟာဝိဟာရဝါသီ မထေရ်တို့သည် အဘယ့်ကြောင့် တောင်းပန်ကြသနည်း? ဟူမူ အောက်ပါအတိုင်း ဖြစ်သည်။

မဟာဝိဟာရဝါသီ ရဟန်းတို့သည် ပိဋကသုံးပုံကို ရှေးသံဂါယနာ သုံးတန်တို့၌ ပါဠိဘာသာဖြင့် တင်ထားသည့်မူအတိုင်းနှင့်၊ သာသနာနှစ် ၄၅၅-နှင့် ၄၆၇-တို့အတွင်း ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် တင်ထားသည် ပေမူအတိုင်းပင်လျှင် ရှေးဟောင်းပိဋကကိုသာ သင်ယူကုန်၏။ သက္ကတဘာသာဖြင့် တင်ထားသော ပိဋကကိုမူ မသင်ယူကြကုန်။

အဋ္ဌကထာတို့၌လည်း သာသနာတော်နှစ် ၆၀၉- ၆၅၃-တို့အတွင်း **ဝသဘမင်း**၏ နောက်ပိုင်း၌ ဖြစ်သော သီဟိုဠ်မထေရ်တို့၏ ဝတ္ထုများကို မတွေ့ရပေ။ **မဟာသေနမင်း**၏ ဝတ္ထုမှတစ်ပါး အခြားသော ပုဂ္ဂိုလ်တို့၏ အကြောင်းအရာများကို မတွေ့ရ။ အရှင်ဗုဒ္ဓဃောသ လက်ထက်တိုင်အောင် ရှေး အဋ္ဌကထာဟောင်းတို့သာ ရှိကုန်၏။ ထို့ကြောင့် မဟာဝိဟာရဝါသီတို့၏ ပိဋကတစ်ပေကို လူတို့ လေ့လာ သင်ကြားရန် စိတ်အားထက်သန်မှု မရှိကြပေ။ မိမိတို့၏ အဋ္ဌကထာများကို သီဟိုဠ်ဘာသာဖြင့် ရေးသားထား၍ တိုင်းတပါးသို့ ဖြန့်ချိရန်လည်း မစွမ်းနိုင်ကုန်။

အဘယဂိရိဝါသီဂိုဏ်းသားတို့ကား ဝဋ္ဋဂါမဏိမင်းလက်ထက်မှ စ၍ သက္ကတဘာသာဖြင့် တင်ထားသော ဓမ္မရုစိဂိုဏ်း စသည်တို့၏ အသစ်အသစ် ပိဋကကိုင်း၊ မဟာယာနဂိုဏ်း၏ အသစ် အသစ်ဖြစ်သော ပိဋကကိုင်း သင်ယူပို့ချကုန်၏။ ထို့ကြောင့် လူများက သူတို့၏ ပိဋကများကို သင်ယူဖို့ရန် ပို၍ စိတ်အားထက်သန်ကြ၏။ ထို့ကြောင့် အဘယဂိရိဝါသီဂိုဏ်းသားတို့သည် တိုင်းတစ်ပါးတို့၌ မိမိတို့၏ဝါဒကို ဖြန့်ချိနိုင်စွမ်း ရှိကုန်၏။

သို့ဖြစ်၍ ထိုမဟာဝိဟာရဝါသီ မထေရ်တို့သည် သီဟိုဠ်အဋ္ဌကထာတို့ကို ပါဠိဘာသာဖြင့် အသစ်ပြုပြင် ရေးသားစီရင်ရန် ဆန္ဒရှိနေကြ၏။ ယခု အရှင်ဗုဒ္ဓဃောသမထေရ်သည် ရေးသားနိုင်သော ဉာဏ်စွမ်းနှင့် ပြည့်စုံသဖြင့် ထိုမထေရ်များက တောင်းပန်ကြခြင်း ဖြစ်ပေသည်။

ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်တော်မူခြင်း

ထိုကျမ်းတို့တွင် ဝိသုဒ္ဓိမဂ်ကျမ်းကို အရှင်သံဃပါလမထေရ်က တောင်းပန်သောကြောင့် အရှင်ဗုဒ္ဓဃောသမထေရ်သည် မဟာဝိဟာရကျောင်းတိုက်၏ တောင်ဘက် ပဓာနဃရပရိဝုဏ်(ကမ္မဋ္ဌာန်းကျောင်းကြီး)တိုက်အတွင်း မဟာနိဂမနသာမိ(နိဂုမ်းပိုင်ရှင်ကြီး)မည်သော ဒါယကာ လှူဒါန်းအပ်သော ပြာသာဒ်ကျောင်း၌ သီတင်းသုံးလျက် ရေးသားစီရင်တော်မူခဲ့၏။

(င) အဘယ်အကျိုးငှာ စီရင်အပ်သနည်း?

ကိလေသာတို့မှ စင်ကြယ်သန့်ရှင်းသော ဝိသုဒ္ဓိဟု ဆိုအပ်သော နိဗ္ဗာန်ကို အလိုရှိကြကုန်သော သူတော်ကောင်း အပေါင်းတို့၏ သီလ သမာဓိ ပညာဟု ဆိုအပ်သော နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းကို မှန်ကန်စွာ သိခြင်းအကျိုးငှာ ရည်ရွယ်၍ ရေးသားစီရင်အပ်၏။

အခြားသော အကျိုးအားဖြင့်ကား နိကာယ်လေးရပ်၌ရှိသော အဋ္ဌကထာတို့ကိုလည်း အနှစ်သာရ အချုပ်အားဖြင့် ရေးသားစီရင်ပြီးသား ဖြစ်သွားတော့၏။

(စ) အဘယ်ကျမ်းကို အမှီပြု၍ စီရင်ပါသနည်း?

အရှင်ဗုဒ္ဓဃောသသည် မဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏ သင်ကြားနည်းအတိုင်း နိကာယ်ငါးရပ်တို့၏ ရှေးအဋ္ဌကထာဟောင်း (မဟာအဋ္ဌကထာ၊ မဟာပစ္စရီ အဋ္ဌကထာ၊ ကုရုန္ဒီ အဋ္ဌကထာ) တို့ကို မှီငြမ်း၍ ၎င်းတို့၌ ဖွင့်ဆိုထားသည့်အတိုင်း ယူသင့်ယူထိုက်သော အဆုံးအဖြတ်များကို စုပေါင်းယူ ဆောင်၍ ပြုစီရင်တော်မူပါသည်။ မိမိဉာဏ်သက်သက်ဖြင့် ပြုစီရင်ခဲ့သည် မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား ဤဝိသုဒ္ဓိမဂ်ကျမ်းသည် နိကာယ်လေးရပ်တို့၏ အစိတ်အပိုင်း အဖြစ်ဖြင့်သာလျှင် ရေးသားခဲ့ပေသည်။

(ဆ) အဘယ်သို့သော အခြင်းအရာအားဖြင့် ဤကျမ်းကို စီရင်ခဲ့ပါသနည်း?

အရှင်ဗုဒ္ဓဃောသမထေရ်သည် သဂါထာဝဂ္ဂ သံယုတ္တနိကာယ်၌လာသော-

> "သီလေ ပတိဋ္ဌာယ နရော ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
> အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။
> ပညာရှိသောသူသည် သီလ၌တည်၍ ပွားစေမှု လုံ့လရှိလျက် ရင့်ကျက်သည့် ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ စိတ်ကိုင်၄င်း, ပညာကို၄င်း ပွားများစေသည်ရှိသော်၊ ထိုသို့သောရဟန်းသည် ဤအရှုပ်အထွေးကို ဖြေရှင်းနိုင်၏။"

ဟူသော ဂါထာကို ရှေးဦးစွာထုတ်ပြပြီးလျှင် ထိုဂါထာ၌ အဓိကအားဖြင့် ဟောထားသော သီလ သမာဓိ ပညာ ဟူသော သိက္ခာသုံးပါးကို အကျယ်ဝေဘန်၍ ရေးသားစီရင်တော်မူသည်။ ဤသို့ ရေးရာ၌ နိကာယ်ငါးရပ်တို့မှ သီလ သမာဓိ ပညာ ဆိုင်ရာသုတ်တို့ကို ထုတ်ဆောင်ပြီးလျှင် ထိုသုတ်တို့၏ အနက်အဓိပ္ပါယ်ကို သီဟိုဠ်အဋ္ဌကထာတို့မှ ဘာသာပြန်သည်၏ အစွမ်းအားဖြင့် ရေးသား၏။ ၎င်းတို့၌ ဆိုထားသော ဝတ္ထုတို့ကို၄င်း, အဆုံးအဖြတ်တို့ကို၄င်း ထည့်သွင်းပြထား၏။ အထူးအားဖြင့် ထိုခေတ်ကာလက မဟာဝိဟာရဝါသီတို့၏ အယူနှင့် ဆန့်ကျင်ဘက်ဖြစ်သော ထင်ရှားသော အယူဝါဒကွဲတို့ကိုလည်း များစွာသော အရာဌာနတို့၌ အကြောင်းအထောက်အထားနှင့်တကွ ဖော်ပြ၍ ပယ်ဖျက်တော်မူခဲ့၏။ များသောအားဖြင့် **ဝိမုတ္တိမဂ်၌ အရှင်ဥပတိဿမထေရ်**ဆိုထားသော မတူညီသည့်အယူဝါဒများကို "ဧကစ္စေ= အချို့သော ဆရာတို့သည်" ဟုဆိုကာ ပယ်ထားပေသည်။

ဝိမုတ္တိမဂ်ကျမ်းအကြောင်း

ဝိသုဒ္ဓိမဂ်ကဲ့သို့ပင် **ဝိမုတ္တိမဂ်ကျမ်း**ဟူ၍လည်း ရှိ၏။ ဝိသုဒ္ဓိမဂ်ကျမ်းဖွဲ့ပုံနှင့် အလွန်တူလှပေသည်။ ထိုကျမ်းကို အရှင်ဥပတိဿ မထေရ်က ပြုစီရင်ခဲ့၏။ ယခုအခါ တရုတ်၊ ဂျပန်တို့၌သာ တွေ့ရတော့၏။ သာသနာနှစ် ၁၀၄၈-ခုနှစ်တွင် သံဃပါလ မထေရ်က တရုတ်ဘာသာပြန်ဆိုထား၏။ ထိုကျမ်းကို သံဃပါလ၏ဆရာဖြစ်သော **ဂုဏဘဒြမည်သော မဟာယာနရဟန်း**သည် အိန္ဒိယနိုင်ငံသားဖြစ်၏။ ၎င်းသည် အိန္ဒိယမှ တရုတ်ပြည်သို့သွားသောအခါ ရှေးဦးစွာ သီဟိုဠ်သို့သွားပြီးလျှင် သီဟိုဠ်မှ သာသနာတော်နှစ် ၉၇၈-ခုနှစ်တွင် တရုတ်ပြည်သို့ သွားလေသည်။ ထိုစဉ်က ထိုဂုဏဘဒြရဟန်းသည် ပင် ယူဆောင်သွားသည်ဟု ယုံကြည်ကြ၏။

ထိုဝိမုတ္တိမဂ်ကျမ်းသည် မဟာဝိဟာရဝါသီ ဂိုဏ်းသားတို့၏ ကျမ်းမဟုတ်သကဲ့သို့ မဟာယာနဂိုဏ်းသားတို့၏ ကျမ်းလည်းမဟုတ်ပေ။ အကြောင်းမှာ ထေရဝါဒပိဋကကိုသာ မှီးငြမ်း၍ ရေးထားသော ကျမ်းဖြစ်သောကြောင့်တည်း။ ထိုဝိမုတ္တိကျမ်း၌ သီဟိုဠ်ကျွန်းနှင့် စပ်ဆိုင်သော အမည်ကိုသော်၎င်း၊ ထေရဝါဒကိုသော်၎င်း မတွေ့ရသောကြောင့် ယင်းသည် သီဟိုဠ်ကျွန်း၌ ရေးသောကျမ်းလည်း မဟုတ်ပေ။ စင်စစ်သော်ကား အိန္ဒိယနှင့်ဆိုင်သော အမည်ကို၎င်း, ဝေါဟာရစကားကို၎င်း ထိုကျမ်းတွင် များစွာသောဌာနတို့၌ တွေ့ရသောကြောင့် ယင်းကျမ်းသည် အိန္ဒိယနိုင်ငံ၌ ရေးသောကျမ်းသာ ဖြစ်နိုင်၏။

ထို့ပြင် ယင်းကျမ်းသည် **ပေဋကောပဒေသ**ကျမ်းကို အမှီပြုကြောင်း များစွာသောဌာနတို့၌ တွေ့ရ၏။ အထူးအားဖြင့် မိဒ္ဓရုပ်ရှိသည်၏ အဖြစ်ကို၎င်း၊ ရဟန္တာပုဂ္ဂိုလ်မှာလည်း မိဒ္ဓရုပ်ရှိသည်၏

အဖြစ်ကိုငှင်း ထိုကျမ်း၌ ပြသထားပေသည်။ ပဋ္ဌိသမ္ဘိဒါမဂ် ဂဏ္ဌိတွင် "ပေဋကော"-ဟူသော ပုဒ်၏ အဖွင့်၌ "သုတ္တန်ပိဋက အကျိုးဌာ အနက်ကိုပြဆိုသော ကျမ်းသည် ပေဋက မည်၏။ မဟာသာသက ဂိုဏ်းသားတို့၏ ကျမ်းပေတည်း"ဟူ၍ ဖွင့်ဆိုထားပေသည်။ ထို့ကြောင့် **ပိဋကောပဒေသကျမ်းသည် မဟာ-သာသက ဂိုဏ်းသားဖြစ်သူက ရေးသားစီရင်ထားသည် ဖြစ်တန်ရာ၏။**

(ဤကား မဟာစည်ဆရာတော်၏ အလိုတည်း။)

အခြားသော အဋ္ဌကထာ ကျမ်းကြီးများ

၁။ **သမန္တပါသာဒိကာ မည်သော ဝိနည်းအဋ္ဌကထာကျမ်းကြီးကို** မဟာနာမမင်းလက်ထက်၊ သာသနာနှစ် (၉၇၃)၌ **အရှင်ဗုဒ္ဓသိရီမထေရ်က** တောင်းပန်အပ်သောကြောင့် မဟာဝိဟာရကျောင်းကြီး၏ တောင်ဘက် ပဓာနယရပရိုဝဏ်တွင် မဟာနိဂမမည်သော ဒါယကာ၏ ပြသာဒ်၌ သီတင်းသုံးလျက် တစ်နှစ်တည်းဖြင့် ပြီးအောင် ရေးသားစီရင်ခဲ့၏။

၂။ **သုမင်္ဂလဝိလာသိနီ မည်သော ဒီဃနိကာယ်ကျမ်းကြီးကို** သုမင်္ဂလကျောင်းတိုက်နေ **အရှင်ဒါဌာနာဂမထေရ်က** တောင်းပန်အပ်သောကြောင့် ရေးသားတော်မူ၏။

၃။ **ပပဉ္စသူဒနီမည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာကို** မယူရာဒူတ သင်္ဘောဆိပ်၌ ရှေးက မိမိနှင့်အတူ နေဖူးသော **အရှင်ဗုဒ္ဓမိတ္တမထေရ်က** တောင်းပန်သောကြောင့် ရေးသားတော်မူ၏။

၄။ **သာရတ္ထပကာသနီမည်သော သံယုတ်အဋ္ဌကထာကို အရှင်ဇောတိပါလ** မထေရ်က တောင်းပန်သောကြောင့် ရေးသားတော်မူ၏။

၅။ **မနောရထပူရဏီ မည်သော အင်္ဂုတ္တရနိကာယ် အဋ္ဌကထာကို** အိန္ဒိယတောင်ပိုင်း ကဉ္စိပုရမြို့စသည်၌၎င်း၊ သီဟိုဠ်ကျွန်း မဟာဝိဟာရ၌၎င်း အတူနေဖူးသော **အရှင်ဇောတိပါလ မထေရ်က** တောင်းပန်အပ်သောကြောင့် ရေးသားတော်မူ၏။

၆။ အဘိဓမ္မာအဋ္ဌကထာများဖြစ်သော **အဋ္ဌသာလိနီ အဋ္ဌကထာ, သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ပဉ္စပကရဏ အဋ္ဌကထာ**... ဤသုံးစောင်သော အဋ္ဌကထာတို့ကိုမူ မိမိနှင့်ဘွဲ့တူသော သောတတ္ထကီကျမ်းပြု အရှင်ဗုဒ္ဓဃောသ(စူဠဗုဒ္ဓဃောသ) ရဟန်းက တောင်းပန်သောကြောင့် ရေးသားတော်မူ၏။

၇။ ပါတိမောက်၏အဖွင့်ကျမ်း **ကင်္ခါဝိတရဏီ အဋ္ဌကထာ**ကို အရှင်သောဏမထေရ် တောင်းပန်အပ်သောကြောင့် ရေးသားတော်မူ၏။

၈။ **ဓမ္မပဒ အဋ္ဌကထာ**ကို အရှင်ကုမာရ ကဿပမထေရ်က တောင်းပန်အပ်သောကြောင့် သီရိကူဋမင်း၏ ပြသာဒ်ကျောင်း၌ သီတင်းသုံးလျက် ရေးတော်မူခဲ့၏။

၉။ ခုဒ္ဒကပါဌနှင့် သုတ္တနိပါတ်၏ အဖွင့်ဖြစ်သော **ပရမတ္ထဇောတိ မည်သော အဋ္ဌကထာ**ကို တောင်းပန်သူ မရှိပဲ မိမိ၏ အလိုဆန္ဒဖြင့် ရေးသားခဲ့၏။

၁၀။ **ဇာတ်အဋ္ဌကထာ**ကို အတ္ထဒဿီမထေရ်, ဗုဒ္ဓမိတ္တမထေရ်နှင့် မဟိသာသက ဂိုဏ်းသားဖြစ်သော ဗုဒ္ဓဒေဝမထေရ်တို့က တောင်းပန်အပ်သောကြောင့် ရေးသားခဲ့၏။

(ဇ) ထိုဝိသုဒ္ဓိမဂ်ကျမ်းသည် အဘယ်ကြောင့် တကမ္ဘာလုံး၌ ပျံ့နှံ့ရပါသနည်း?

၁။ စင်ကြယ်သော ပိဋကလျှင် မှီရာရှိသောကြောင့်၎င်း၊
၂။ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို အကျဉ်းချုံး၍ သိမ်းသွင်းထားသောကြောင့်၎င်း၊
၃။ ရှေး အဋ္ဌကထာပောင်းတို့၏ ဘာသာပြန်ကျမ်း ဖြစ်ခြင်းကြောင့်၎င်း၊
၄။ တပါးသောဂိုဏ်းသားတို့၏ အယူဝါဒများကို ရှောင်ကြဉ်ခြင်းကြောင့်၎င်း၊
၅။ မိမိဂိုဏ်းအယူ၏ စင်ကြယ်ခြင်းကြောင့်၎င်း၊
၆။ သီလ, ဓုတင်, သမထ, အဘိညာဉ်, ပညာအပြား စသည်တို့ကို အပြည့်အစုံ ပြသောကြောင့်၎င်း၊
၇။ အရဟတ္တဖိုလ်တိုင်အောင် အကျင့်ပဋိပတ်နည်းလမ်းကို အပြည့်အစုံ ပြခြင်းကြောင့်၎င်း၊
၈။ ရှုပ်ထွေးခြင်းကင်း၍ ပေါ်လွင်ထင်ရှားစွာ ပုဒ် ဝါကျတို့ကို ပြုစီရင်ထားသောကြောင့်၎င်း၊
၉။ သိလွယ်သော အနက်ရှိသောကြောင့်၎င်း၊
၁၀။ ကြည်ညိုဖွယ်ကောင်းသည့် ဝတ္ထုကြောင်းများကို ပြခြင်းကြောင့်၎င်း၊

ဤသို့ များလှစွာသော ဂုဏ်ကျေးဇူးများကြောင့် ဤဝိသုဒ္ဓိမဂ်ကျမ်းသည် တစ်ကမ္ဘာလုံး ပျံ့နှံ့လျက် ရှိပေသည်။